BNI BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 115, July 26 - 1 August 2023



# သတိပြုရတော့မည့် စစ်အုပ်စု စပွန်ဆာ ဒိုင်ယာလော့



# သတိပြုရတော့မည့် စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့

## နိဒါန်း

"သူမ ဒိုင်ယာလော့ကို အားပေးပါတယ်"

အထက်ပါပြောစကားသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်ဆိုသော ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်း (Don Pramudwinai) ၏ တဆင့်စကားဖြစ်သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် သတင်းမီဒီယာကို ပြောဆိုခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် အမှန်တကယ်ပြောဆိုခဲ့သလားဟူသည်က အတည်ပြုရန် ခက်ခဲနေဆဲဖြစ်သည်။

စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာရေးရာကအစ ဘက်ပေါင်းစုံမှ ဖိအားပေးခံနေရသော အာဏာသိမ်းစစ်အုပ်စုအနေဖြင့် အကျဉ်းထောင်အတွင်းမှ ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချကာ နွေဦးတော်လှန်ရေး အင်အားစုများအကြား ဒိုင်ယာလော့အမည်ခံ လေသံပစ်၊ သွေးတိုးစမ်းခြင်းသာ ဖြစ်နိုင်သည်။ အကြောင်းမူ မစ္စတာဒွန်မှတဆင့် ပြောဆိုလာသော "ဒိုင်ယာလော့" ဟူသည်ပင် မည်သူနှင့် မည်သူ

အကြား မည်သူက ကမကထပြု စီမံဆောင်ရွက်မလဲဆိုသည်က မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် စစ်ရေး၊ နိုင်ငံရေး၊ အထွေထွေ အကျပ်အတည်းအား တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် အာဏာသိမ်းစစ်အုပ်စု အနေဖြင့် အမှန်တကယ်စိတ်ဆန္ဒပြင်းပြလာသည့်တိုင် နွေဦးတော်လှန်ရေးအင်အားစုများ အတွက် စစ်အုပ်စု၏ "စပွန်ဆာဒိုင်ယာလော့"ကို သတိပြု ချဉ်းကပ်ရပေလိမ့်မည်။ စစ်အုပ်စု၏ စပွန်ဆာဒိုင်ယာလော့သည် နွေဦးတော်လှန်ရေးအင်အားစုများ၏ စုစည်း ညီညွတ်မှုနှင့် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဖြိုခွင်းဖျက်ဆီးရန် ကြိုးပမ်း အားထုတ်ပေလိမ့်မည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက် တွင် စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့နှင့် နွေဦးတော်လှန်ရေးဦးတည်ရာကို ချဉ်းကပ် လေ့လာတင်ပြသွားပါမည်။

## သတိပြုရမည့် စစ်အုပ်စု စပွန်ဆာ ဒိုင်ယာလော့

စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့ဟူသည် စစ်ခေါင်းဆောင်များနှင့် ပတ်သက်ဆက် နွယ်သူများ (ဝါ) စစ်အုပ်စု ကိုယ်တိုင် ကမကထပြုကာ အစီအမံချမှတ်ပြီး စိတ်ကြိုက် ခင်းကျင်းထားသော တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ တနည်းအားဖြင့် စပွန်ဆာ ဒိုင်ယာလော့ဟု အကြမ်းမျဉ်းမှတ်ယူနိုင်သည်။ လေ့လာတွေ့ရှိချက်များအရ ပြည်တွင်းစစ်၏ အဓိကဇာတ်ကောင်ဖြစ်သော စစ်အုပ်စုသည် ဆွေးနွေးပွဲများအတွင်း နေရာ အသာစီး ရယူမှု၊ အထက်စီးမှ ဆက်ဆံမှု၊ ဆွေးနွေးဘက်များအပေါ် ခွဲခြားဆက်ဆံမှု၊ ၎င်းတို့သည်သာ "ထာဝရအမှန်" ဆိုသည့် တရားသေယုံကြည်မှုများကို မြင်တွေ့ရသည်။ [1]

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမစခင် အနီးစပ်ဆုံးဖြစ်သော အစိုးရနှစ်ဆက်အတွင်း ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ၎င်းတို့ကိုင်စွဲထားသည့် ငြိမ်းချမ်းရေးမူဝါဒ (၆) ချက်နှင့် စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးအပေါ် သဘောထားများကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။ ထို့အပြင် စစ်အာဏာသိမ်းကာလ အတွင်း ပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) တချို့နှင့် စစ်အုပ်စုအကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးများကို လေ့လာကြည့်လျှင် လည်း ထင်သာမြင်သာသည့် အကျိုးရလဒ်တစုံတရာရရှိခဲ့သည်ကို မတွေ့ရသေးဟု ဆိုရ ပါမည်။

1 စစ်အာဏာရှင်စနစ် အစွန်းရှည်ရေးအတွက် အသုံးချခံငြိမ်းချမ်းရေး၊ စာမျက်နှာ - ၄၂ http://rb.gy/sqp66

၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယအပတ်အတွင်း အာဏာသိမ်းစစ်အုပ်စုနှင့် ၅ ကြိမ်မြောက် အလွတ်သဘောတွေ့ဆုံခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA) ပြောရေးဆိုခွင့်ရှိသူကတော့ စစ်အုပ်စုနှင့် သွားရောက်တွေ့ဆုံနေရသည့် အခြေအနေကို ယခုလို ပြောပြပါသည်။

"ကြီးကြီးကျယ်ကျယ် မျှော်လင့်ချက်မရှိပေမယ့် ကျွန်တော်တို့နယ်မြေဒေသမှာ တည်ငြိမ်အေးချမ်းဖို့ ကျွန်တော်တို့ ဦးစားပေးအနေနဲ့ ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။"[2]

လက်ရှိအသုံးပြုနေသော အာဏာသိမ်းစစ်အုပ်စု၏ တွေ့ဆုံဆွေးနွေးရေးအစီအစဉ် (ဝါ) စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့တွင် ERO များကိုသာ အဓိကဖိတ်ခေါ်ဆွေးနွေးနေခြင်းဖြစ်သည်။ ယင်းသို့ စစ်အုပ်စုနှင့် အလွတ်သဘောတွေ့ဆုံဖြစ်ကြသည့် ERO တချို့ကို လေ့လာကြည့်လျှင်လည်း အာဏာသိမ်းစစ်အုပ်စုနှင့် စစ်ရေးပဋိပက္ခမရှိသည့် အစုအဖွဲ့များသာဖြစ်နေကြောင်း ထူခြားစွာတွေ့ရှိရပါသည်။ နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF)များနှင့်အတူ ပူးပေါင်းပါဝင်ကူညီလျက်ရှိသော EROများကိုမူ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးက ပြတ်ပြတ်သားသား အရေးယူသွားမည်ဟု ဆိုထားပါသည်။ [3]



2 ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ပြောခွင့်ရသူ ဒုတိယဗိုလ်မှူးကြီးစိုင်းဆုနှင့် အမေးအဖြေ http://rb.gy/4aw8x

3 NUG၊ PDF အဖွဲ့တွေကို ကူညီတဲ့ EAO တွေကို စစ်ကောင်စီဥက္ကဋ္ဌ ခြိမ်းခြောက် http://rb.gy/c7beq

“ကျနော်တို့တော်လှန်ရေးဟာ ဒုတိယနဲ့တတိယအဆင့်ကြားကို ရောက်နေပါပြီ။ နောက်ဆုံးအဆင့်ကို အရှိန်အဟုန်နဲ့ အဆုံးသတ်တိုက်ပွဲတွေ ဆင်နွှဲနိုင်ဖို့ မီးကုန်ယမ်းကုန် ရေကုန်ရေခမ်း ပြည်သူအားလုံး တိုက်ပွဲဝင်ရတော့မှာဖြစ်ပါတယ်။”

## နွေဦးတော်လှန်ရေး၏ ဦးတည်ရာ


လက်ရှိနွေဦးတော်လှန်ရေး၏ ဦးတည်ရာသည် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းနေခြင်းဖြစ်သည်။ ယင်းသို့ ဦးတည်လျှောက်လှမ်းရာတွင် လက်နက်စွဲကိုင်ခုခံတော်လှန်ရေးနည်းလမ်း၊ နိုင်ငံတကာ သံခင်း တမန်ခင်း နည်းလမ်းများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး ပြည်သူ့လှုပ်ရှားမှု (CDM) နည်းလမ်း၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရေး သပိတ်တိုက်ပွဲနည်းလမ်း၊ စစ်အုပ်စု၏ ငွေဝင် လမ်းကြောင်းများ ဖြတ်တောက်ရေးနည်းလမ်း စသဖြင့် နည်းလမ်းပေါင်းစုံကို အသုံးပြုကာ အာဏာသိမ်းစစ်အုပ်စုအား ဘက်ပေါင်းစုံမှ ဖိအားပေး ဖြိုဖျက်လျက်ရှိပါသည်။

အထူးသဖြင့် ၂၀၂၃ ခုနှစ်အား နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်အဖြစ် သတ်မှတ်ကြေညာကာ NUG ၊ PDF-LDF နှင့် ERO အစုအဖွဲ့များမှ စစ်ရေးအရ မဟာဗျူဟာမြောက်နည်းများ ချမှတ်ပြီး စစ်အုပ်စုအား ခုခံတော်လှန်စစ်မှသည် တန်ပြန် ထိုးစစ်အကြိုအထိ တိုးမြှင့်ဖိအားပေးလျက်ရှိကြောင်း သိရပါသည်။ NUG ပြည်ထဲရေး ဝန်ကြီး ဦးလွင်ကိုလတ်က ယခုလို ပြောဆိုထားပါသည်။

“ကျနော်တို့တော်လှန်ရေးဟာ ဒုတိယနဲ့တတိယအဆင့်ကြားကို ရောက်နေပါပြီ။ နောက်ဆုံးအဆင့်ကို အရှိန်အဟုန်နဲ့ အဆုံးသတ်တိုက်ပွဲတွေ ဆင်နွှဲနိုင်ဖို့ မီးကုန်ယမ်းကုန် ရေကုန်ရေခမ်း ပြည်သူအားလုံး တိုက်ပွဲဝင်ရတော့မှာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ အာဏာရှင်အောက်မှာနေခဲ့ရပြီး ဘက်စုံ ဆုံးရှုံးနစ်နာခဲ့မှုတွေရဲ့အကြွေးကို ပြန်ယူဖို့ တော်လှန်ရေး အဓွန့်ရှည်ပြီး အာဏာရှင်သက်ဆိုးရှည်နေလို့ ဘက်စုံဆုံးရှုံးနစ်နာမှု ရှိလာ မှာတွေကို တားဆီးဖို့ ရှိသမျှအားကုန်ညှစ်ပြီး အဆုံးအဖြတ်ရလဒ်အတွက် အမြင့်ဆုံး အရှိန်နဲ့ တိုက်ပွဲဝင်ကြရပါတော့မယ်။”[4]

---

4 တန်ပြန်ထိုးစစ်အကြို စစ်ရေးစီမံချက်များစတင်နေပြီဟု NUG ပြည်ထဲရေးဝန်ကြီး ပြော




မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလ တလျှောက် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်အထိ အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ERO ၊ PDF-LDF များအကြား မြို့နယ်အလိုက် တိုက်ပွဲ ဖြစ်ပွားမှုရက်ပေါင်း ၃၀၀၀ ကျော်ရှိခဲ့သည်ကို တွေ့ရသည်။ (အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်)

ဆိုရသော် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် ပိုမိုအားကောင်းပြင်းထန်လာသကဲ့သို့ အခြားသော စစ်မျက်နှာတစ်ခုဖြစ်သည့် နိုင်ငံတကာ သံခင်းတမန်ခင်းနည်းလမ်းသည်လည်း အာဏာသိမ်းစစ်အုပ်စုအား ကြီးကြီးမားမား ဖိအားပေးထားနိုင်သည်ဟု ဆိုနိုင်ပါသည်။

# သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်အုပ်စုသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ၎င်းတို့၏ မအောင်မြင်သေးသော စစ်အာဏာသိမ်းရန်ကြိုးပမ်းနေမှုကို (၆) လသက်တမ်း ထပ်တိုးထားသည်။ တရုတ်နှင့် ရုရှားကဲ့သို့သော ကိုယ်ကျိုးစီးပွား အခြေပြုအာဏာရှင်နိုင်ငံများ၏ ထောက်ခံအားပေးမှုအပြင် နိုင်ငံတကာအစိုးရများ၏ အသိအမှတ်ပြုမှုကို အငမ်းမရ လိုအပ်နေပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးများတွင် ပါဝင်တက်ရောက်နိုင်ရေး ကြိုးပမ်းနေပါသည်။ တဖက်တွင်တော့ ERO၊ NUG နှင့် PDF-LDF များ၏ အချိတ်အဆက် မိမိ ပူးပေါင်းဆောင်ရွက်နေမှုကို ဖြတ်တောက်ရန် ကြိုးပမ်းလိုနေသည်။ ထိုအတွက်

> “
> နွေဦးတော်လှန်ရေး
> ဦးတည်ရာအတွက်မူ
> စစ်အုပ်စု
> စပွန်ဆာဒိုင်ယာလော့သည်
> ကြီးမားသည့်
> အဟန့်အတားတစ်ရပ်
> ဖြစ်လာနိုင်ကြောင်း
> ”

၎င်းတို့၏ ကြည်း၊ ရေ၊ လေ ထိုးစစ်ဆင်မှုများသည် အလုပ်မဖြစ်ဘဲ နယ်မြေလက်လွှတ်ရမှုများနှင့် စခန်းစွန့်ခွာရမှုဖြစ်စဉ်များသာ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်ကို အသုံးချကာ “ဒိုင်ယာလော့”ဆိုသည့် စကားလုံးအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း ပစ်သွင်းလိုက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နွေဦးတော်လှန်ရေးအင်အားစုများ၏ တုန့်ပြန်မှု အခြေအနေကို သွေးတိုးစမ်းလိုက်ခြင်းဖြစ်ကြောင်း ရှုမြင်မိပါသည်။ ထာဝရငြိမ်းချမ်းရေးကို နှုတ်တိုက်ရွတ်ကာ တရားမဝင်အာဏာသိမ်းခဲ့သည့် စစ်အုပ်စုသည် တိုင်းပြည်အာဏာအရပ်ရပ်ကို ထာဝရဖက်တွယ်ထားနိုင်ရေးအတွက် စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့သည် နည်းလမ်းတစ်ခု ဖြစ်လာပေလိမ့်မည်။

NUG ၊ PDF နှင့် ၎င်းတို့အား ကူညီနေသော ERO များအား ပြတ်ပြတ်သားသား အရေးယူမည်ဟု ၇၈ ကြိမ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် သတိပေးခဲ့သော အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အပေါင်းအပါများသည် ၎င်းတို့၏ စပွန်ဆာဒိုင်ယာလော့ကိုပင် နွေဦးတော်လှန်ရေးအင်အားစုများအကြား တိုက်ရိုက်ဖိတ်ခေါ်ကမ်းလှမ်းလာနိုင်သည့် တွက်ဆမှုများသည် အလွန်ဖြစ်နိုင်ချေနည်းပါးသည်ဟု ရှုမြင်မိပါသည်။ သို့သော် စစ်အုပ်စုအတွက် ထွက်ပေါက်မဲ့ကာ ကြီးမားသည့်အကျပ်အတည်းဆိုက်ကပ်လာချိန်တွင်တော့ စစ်အုပ်စု စပွန်ဆာဒိုင်ယာလော့သည် နွေဦးတော်လှန်ရေးအင်အားစုများအကြား စိမ့်ဝင်လာနိုင်ပေသည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှအမြစ်ပြုတ်ချေမှုရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျက်ရှိသော နွေဦးတော်လှန်ရေး ဦးတည်ရာအတွက်မူ စစ်အုပ်စုစပွန်ဆာဒိုင်ယာလော့သည် ကြီးမားသည့် အဟန့်အတားတစ်ရပ် ဖြစ်လာနိုင်ကြောင်း သတိပြုမိပါသည်။ စစ်အုပ်စုစိတ်ကြိုက်ခင်းကျင်းလာမည့် စပွန်ဆာဒိုင်ယာလော့ကို ရှောင်လွှဲနိုင်ရန်အတွက် နွေဦးတော်လှန်ရေးအင်အားစုများအကြား အားလုံးသဘောတူညီထားသည့် အစီအစဉ်နှင့် မဟာဗျူဟာများ အစီအမံများအား နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြည်သူလူထုအကြား ခင်းကျင်းချပြထားနိုင်ရန် ကြိုတင်ပြင်ဆင်ထားရပေလိမ့်မည်။

၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲမှ စတင်ခဲ့သော စစ်အုပ်စု၏ စပွန်ဆာဒီမိုကရေစီသည် ဆယ်စုနှစ်တစ်ခုအတွင်း စစ်အာဏာသိမ်းမှုဖြင့် အဆုံးသတ်ရသကဲ့သို့ စစ်အုပ်စုအား ဗဟိုပြုသော (ဝါ) စစ်အုပ်စု၏ စပွန်ဆာဒိုင်ယာလော့သည်လည်း တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ရောက်ရှိနိုင်မည်မဟုတ်ပေ။ ထို့အပြင် စစ်အာဏာသိမ်းကာလအတွင်း ပြည်သူလူထုရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဆုံးရှုံးနစ်နာမှုများအတွက်လည်း စစ်အုပ်စုစပွန်ဆာဒိုင်ယာလော့က တရားမျှတမှု ရှာဖွေပေးနိုင်လိမ့်မည်မဟုတ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# Weekly Highlight Quote



“ဒီအာဏာသိမ်းပြီးတဲ့နောက်မှာ ကျမတို့ကို ဗမာစစ်တပ်တွေက လေယာဉ်နဲ့ လာကြဲတယ်ပေါ့နော်။ အိမ်တွေဆိုလည်း ပြိုကုန်တယ်။ မီးလည်း လောင်ကုန်တယ်။ ကျန်ရစ်ခဲ့တဲ့ အိမ်တွေဆိုရင်လည်း လက်နက်ကြီးတွေထုတယ်။ တောင်ယာတို့ ဘာတို့ တောထဲသွားရင်လည်း လွတ်လွတ်လပ်လပ် မရှိတော့ဘူး။ မိုင်းတွေ၊ ဗုံးတွေထောင်ထားတဲ့ခါကျတော့ ကျမတို့အတွက် အရမ်းကို အန္တရာယ်များတယ်ပေါ့နော်။ ဒီနေရာကို လာပြီးတော့ စစ်ရှောင်တယ်ဆိုပေမယ့်လည်း သိပ်ပြီးတော့ အများကြီး လုံခြုံသွားတာမရှိဘူးပေါ့နော်။ အခက်အခဲဆိုတာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာပေါ့နော အရမ်းကို ခက်ခဲနေပါတယ်။ အဲဒါကြောင့်မို့လို့ ကျမတို့ တောင်းဆိုချင်တာက ဒီမှာ စစ်ရှောင်လာနေတဲ့ လူထုတွေကို အခြားတစ်နေရာရာပေါ့နော်၊ ဒီထက်လွတ်လပ်တဲ့နေရာ ဒီထက်လုံခြုံတဲ့နေရာကို တခြားနိုင်ငံပဲဖြစ်ဖြစ်ဘာပဲဖြစ်ဖြစ်ပိုပြီးလုံခြုံတဲ့နေရာကိုခိုလှုံခွင့်ပေးစေချင်တာ”

နော်မူစေး

ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်း ထီးသဲကလိုးကျေးရွာ


*(BNI-MPM တွင် ဖော်ပြထားသည့် "ဒေါ်နီးကူးစစ်ရှောင်စခန်းဂိုဒေါင်မှူး နော်မူစေးနှင့် အမေးအဖြေ" မှ ကောက်နုတ်ထားသည်)*


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇူလိုင်လ ၂၆ ရက် မှ ဩဂုတ်လ ၁ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF / LDF) များ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များ အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၂ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၇ ရက် အထိ ရှိခဲ့ပြီး အများဆုံး ဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။

တစ်ပတ်အတွင်း
မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှု
၂၂




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၂၆ ဇူလိုင် - ၁ ဩဂုတ် ၂၀၂၃

**၇၀** စစ်ကောင်စီတပ်သားသေဆုံးမှု

**၄** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု

**၂၀** အရပ်သားသေဆုံးမှု




စစ်ကောင်စီတပ်သား ပြည်သူ့ကာကွယ်ရေးတပ်သား အရပ်သား


## ၁၇၀၀၀

## စစ်ဘေးရှောင်အရေအတွက်

၂၆ ဇူလိုင် – ၁ ဩဂုတ် ၂၀၂၃




မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၇ ရက်




# စစ်ကိုင်း


မြင်းမူ၊ အရာတော်၊ ပုလဲ၊ ကလေးဝ၊ ဆားလင်းကြီး၊ ဒီပဲယင်းနှင့် မုံရွာမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၂ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၁ ရက်နေ့က ရွှေဘိုမြို့အထွက်မြို့မုဒ်ဦးနေရာအနီးမှာ "မအေ**မင်းအောင်လှိုင်မလာရဲတဲ့မြို့မှ ကြိုဆိုပါ၏" ဆိုသည့် တော်လှန်ရေးစာတန်းလာဖြုတ်သည့် စစ်ကောင်စီအဖွဲ့ မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၅ ဦး သေဆုံးခဲ့သည်။ [1] စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ဘုတလင်နှင့် မုံရွာမြို့နယ်များမှ ဒေသခံပြည်သူ ၄ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့က အင်းတော်မြို့နယ်၊ မော်တိတ်အုပ်စု၊ အင်ပင်ကျေးရွာအဝင်တွင် အမျိုးသားနှစ်ဦး မိုင်းနင်းမိပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။ [2] စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ဘုတလင်၊ ပုလဲ၊ ကလေးဝနှင့် ယင်းမာပင်မြို့နယ်များမှ ဒေသခံ ပြည်သူ ၁၇၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




1 တော်လှန်ရေးဘန်နာ လာဖြုတ်တဲ့ စစ်ကောင်စီအဖွဲ့ မိုင်းထိလို့ ၅ ဦးသေဟုဆို https://tinyurl.com/23kfxhmt


2 အင်းတော်နယ်မှာ မိုင်းနင်းမိပြီး အမျိုးသား နှစ်ဦး ပွဲချင်းပြီးသေဆုံး https://tinyurl.com/28j7cmnf

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ ရက်




# မကွေးတိုင်း


ရေစကြိုနှင့် ဆောမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၂၆ ရက်နေ့က ပခုက္ကူမြို့၊ အမှတ် ၃ ရပ်ကွက်၊ မြသီတာလမ်းနှင့် ၅ လမ်းထောင့်တွင် ပျူစောထီးခေါင်းဆောင် ဦးမြင့်သိန်းဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [3] အလားတူ ဇူလိုင်လ ၂၆ ရက်နေ့က နတ်မောက်မြို့နယ်၊ လဲဘူးကျေးရွာအုပ်စု၊ လဲဘူးကျေးရွာက စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [4]




3 ပခုက္ကူမြို့၊ အမှတ် ၃ ရပ်ကွက် ပျူခေါင်းဆောင် ဦးမြင့်သိန်း ပစ်သတ်ခံရ https://tinyurl.com/2br6ygev


4 နတ်မောက်က စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူး ပျူစောထီးဆိုသူ ရှင်းလင်းခံရ https://tinyurl.com/29a5meom

**မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်**




# မန္တလေး


သပိတ်ကျင်းနှင့် မလှိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၂၉ ရက်နေ့က မလှိုင်မြို့နယ်၊ သက္ကယ်ကျင်း ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်အား ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ရာ အုပ်ချုပ်ရေးမှူး၏ မိသားစုဝင်သုံးဦး အပါအဝင် ငါးဦးသေဆုံးခဲ့သည်။ [5] ဇူလိုင်လ ၂၉ ရက် နှင့် ၃၀ ရက်နေ့များက ပျဉ်းမနားမြို့နယ်တွင် ပြည်သူ့စစ်ဌာနေအဖွဲ့ခေါင်းဆောင် ဦးကျော်လင်း၊ ပြည်သူ့စစ်အဖွဲ့ဝင် ဦးမြင့်ဇော်ဦး၊ လယ်ဝေးမြို့မရဲစခန်းမှ ရဲမှူး(ငြိမ်း) ဦးဝင်းရွှေနှင့် ယာဉ်မောင်း စပ်ဝင်းသိန်းဆိုသူတို့ကို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [6]




5 မလှိုင်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ် တိုက်ခိုက်ခံရပြီး မိသားစုဝင် ၃ ဦးအပါအဝင် ၅ ဦးသေဆုံး https://tinyurl.com/29wwrrbw


6 နေပြည်တော်တွင် ပြည်သူ့စစ်အဖွဲ့ဝင် ရာအိမ်မှူး ၁ ဦး ပစ်ခတ်ခံရပြီး သေဆုံး https://tinyurl.com/25qjjuof

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




# ကရင်ပြည်နယ်


ဇူလိုင်လ ၂၇ ရက်နေ့က ကော့ကရိတ်မြို့အနီး ကမိုင်ကုန်းလမ်းရှိ ဒေါ်နအလှရေကူးကန်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၈ ဦးသေဆုံး၍ ၃ ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ [7] ထို့အပြင် ဇူလိုင်လ ၃၁ ရက်နေ့ကလည်း ဖားအံမြို့အထွက် တရုတ်လှကျေးရွာဘက်အခြမ်းတွင် ရပ်ထားသည့် တိုယိုတာဖီလာကား တစ်စီးအား စစ်ကောင်စီလက်အောက်ခံ ယာဉ်ထိန်းရဲမှ စစ်ဆေးစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒေသခံအရပ်သား ၁ ဦး သေဆုံးကာ စစ်ကောင်စီတပ်သားနှင့် ယာဉ်ထိန်းရဲဝန်ထမ်းအပါအဝင် ၁၄ ဦးခန့် ထိခိုက်ဒဏ်ရာရခဲ့သည်။ [8]




7 ကော့ကရိတ်မြို့အနီးတိုက်ပွဲ စစ်ကောင်စီတပ် ၈ ဦးသေဆုံးကာ ၃ ဦးဒဏ်ရာရ https://tinyurl.com/2a4ew9w5


8 သံလွင်တံတား ကားဗုံးပေါက်ကွဲမှု စစ်တပ်လက်အောက်ခံဝန်ထမ်းများနှင့် အရပ်သားထိခိုက်သေဆုံးမှု ၁၄ ဦးခန့်ရှိနေ https://tinyurl.com/23k9pssp

## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၄ ရက်





## ပဲခူးတိုင်း

ညောင်လေးပင်နှင့် ထန်းတပင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၃ ဦး သေဆုံးခဲ့သည်။




## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်





# ရှမ်း (သျှမ်း) ပြည်နယ်

ဇူလိုင်လ ၂၉ ရက်နှင့် ၃၀ ရက်နေ့များက မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၃၀ ရက်နေ့က လဲချားမြို့နယ်အတွင်း၌ မန်ပန်ပြည်သူ့စစ်အရာရှိ၏ယာဥ်တန်းသည် မိုင်းဆွဲတိုက်ခံရပြီး အရာရှိတစ်ဦးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။ [9] စစ်ကောင်စီတပ် သတ်ဖြတ်မှုကြောင့် ကွတ်ခိုင်နှင့် မူဆည်မြို့နယ်များမှ ဒေသခံ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။




9 လဲချားမြို့နယ် မန်ပန်ပြည်သူ့စစ် အရာရှိ မိုင်းဆွဲတိုက်ခိုက်ခံရ၊ နှစ်ဦးသေ တစ်ဦးဒဏ်ရာရ https://tinyurl.com/2bdgoqqm

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်





## ကရင်နီ (ကယား) ပြည်နယ်

ဇူလိုင်လ ၂၆ ရက်နေ့က ဖားဆောင်းမြို့နယ် သံလွင်တံတား အရှေ့ဘက်ခြမ်းရှိ ကျောက်ပန်းညိုနှင့် ကျောက်စုကျေးရွာအကြားတွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ [10]


10 ဖားဆောင်းမြို့ သံလွင်အရှေ့ဘက်ခြမ်းတိုက်ပွဲအတွင်း စစ်ကောင်စီ လေယာဉ်နဲ့ တိုက်ခိုက် https://tinyurl.com/2y3krhas

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်





## တနင်္သာရီတိုင်း

ဇူလိုင်လ ၂၈ ရက်နေ့က ထားဝယ်မြို့နယ်၊ ပကာရီရွာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ [11]





11 ထားဝယ်တွင် ကင်းလှည့်နေသည့် စစ်ကောင်စီတပ် တိုက်ခိုက်ခံရပြီး ၂ ဦးသေ https://tinyurl.com/29mmyvsp

## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁ ရက်




# မွန်ပြည်နယ်

ဇူလိုင်လ ၂၈ ရက်နေ့က ကျိုက်ထိုမြို့နယ်၊မုပ္ပလင်ကျေးရွာရှိ စစ်ကောင်စီတပ်ဖွဲ့၏စစ်ဆေးရေးဂိတ်စခန်းအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ကဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။ [12] ထို့အပြင် စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့်ပစ်ခတ်ခံရမှုကြောင့် သထုံမြို့နယ်၊ ထုံးဘိုလေးကျေးရွာမှ အသက် ၁၈နှစ်အရွယ်ရှိ စောအဲ့ကော့ရှီးဆိုသူ လူငယ်တစ်ဦး သေဆုံးခဲ့ရသည်။ [13]





12 မုပ္ပလင်လမ်းဆုံရှိ စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရ ထိခိုက်သေဆုံးမှုရှိ https://tinyurl.com/227hyzys

13 သထုံနှင့် ဘီးလင်းတွင် စစ်ကောင်စီတပ်၏လက်နက်ကြီးကြောင့် ဒေသခံ ၁ ဦး သေဆုံး၊ ၆ ဦး ဒဏ်ရာရ https://tinyurl.com/28kj7jv2




# ရန်ကုန်

ဇူလိုင်လ ၂၇ ရက်နေ့က ရွှေပြည်သာမြို့နယ်၊ ၃ ထိပ် ရပ်ကွက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတဦး စစ်ကောင်စီလုပ်ကြံသည့်ကင်းကား ဖြင့် တိုက်ခံရပြီး သေဆုံးခဲ့သည်။ [14]




14 ရွှေပြည်သာတွင် ဆိုင်ကယ်စီးအမျိုးသမီး စစ်ကားတိုက်ခံရပြီး သေဆုံး https://tinyurl.com/2yftccpc

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀

၀ - ၁

# ချင်း

ဇူလိုင်လ ၃၀ ရက်နေ့က မင်းတပ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသ ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၈ ဦး သေဆုံးခဲ့ သည်။ [15]




15 မင်းတပ်မြို့အတွင်း ကင်းလှည့်သည့်ကားတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံး https://tinyurl.com/29j6xk6e



အာဏာသိမ်းစစ်ကောင်စီ၏ အရေးပေါ်ကာလသက်တမ်းတိုးခြင်းအပေါ် ကုလသမဂ္ဂအပါအဝင် အမေရိကန်၊ ကနေဒါနိုင်ငံများမှ ပြင်းထန်စွာ စိုးရိမ်ပူပန်မိကြောင်း အသီးသီးထုတ်ပြန်ခဲ့ကြပါသည်။ စစ်ကောင်စီသည် ဇူလိုင် ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး ၎င်းတို့ စိတ်ကြိုက်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ကာ အရေးပေါ်ကာလကို နောက်ထပ် ၆ လ သက်တမ်းတိုးခဲ့ခြင်းဖြစ်ပါသည်။ [1]

၂၀၂၃ ခုနှစ်၊ အမေရိကန်ကာကွယ်ရေးဥပဒေ (NDAA) ထဲတွင် ထည့်သွင်းဖော်ပြခဲ့သည့် မြန်မာနိုင်ငံနှင့်ပတ်သက်သော Burma Act အရ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ၁၂၁သန်းကို ခွင့်ပြုထားကြောင်းသိရပါသည်။လက်ရှိအခြေအနေမှာ အမေရိကန်သမ္မတအနေဖြင့် လက်မှတ်မထိုးရသေးသော်လည်း အောက်လွှတ်တော် ( "House of Representatives") နှင့် ဆီးနိတ် (the United States Senate) တို့တွင် သဘောတူထားသည့် အနေအထားဖြစ်ကြောင်းနှင့် Burma Act ဥပဒေအရ အမေရိကန်အစိုးရ၏ အသုံးစရိတ်ထဲမှ မြန်မာ့ဒီမိုကရေစီအရေး ကြိုးပမ်းမှုများအတွက် အကူအညီ အထောက်အပံ့များ ရရှိမည်ဖြစ်ကြောင်း သိရပါသည်။ [2]

---

1 စစ်တပ် အာဏာသိမ်းသက်တမ်းထပ်တိုးမှုအပေါ် ကုလ၊ အမေရိကန်၊ ကနေဒါတို့ ပြင်းထန်စွာ စိုးရိမ် https://tinyurl.com/25czncbp

2 မြန်မာ့အရေးအတွက် Burma Act အရ အမေရိကန်ဒေါ်လာ ၁၂၁ သန်း အသုံးပြုခွင့်ပေး https://tinyurl.com/26cnvgwz

> မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်နှင့် ဖုန်းလိုင်းပိတ်ဆို့ ဖြတ်တောက်မှု အများဆုံး နိုင်ငံဖြစ်ကြောင်း

အရှေ့တောင်အာရှနိုင်ငံများနှင့် မြန်မာစစ်ကောင်စီတို့အကြား အလွတ်သဘော သီးခြားဆက်ဆံမှုကို ခွင့်ပြုသင့်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဇူလိုင် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။ စစ်အာဏာသိမ်းမှု ကာလ တလျှောက်တွင် မလေးရှားနိုင်ငံသည် မြန်မာစစ်ကောင်စီအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်လေ့ရှိသည့် နိုင်ငံတစ်ခုအနေဖြင့် တွေ့ရှိခဲ့ရပြီး၊ ယခုအခါတွင် လူ့အခွင့်အရေး ကိစ္စကို ပစ်ပယ်တာခြင်းမဟုတ်ဘဲ မြန်မာ့အကျပ်အတည်းများကို ကူညီဖြေရှင်းရန်ဟု ဆိုကာ အလွတ်သဘောသီးခြားဆက်ဆံရန်နှင့်ပတ်သက်ပြီး ပြောကြားလာသည်ကို မြင်တွေ့ရခြင်းဖြစ်ပါသည်။ [3]

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်နှင့် ဖုန်းလိုင်းပိတ်ဆို့ ဖြတ်တောက်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း ဇူလိုင်လ ၂၇ ရက်က Economy Online အမည်ရှိ အွန်လိုင်း စီးပွားရေး အစီရင်ခံစာ သတင်းတစ်ခုတွင် ဖော်ပြထားပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများ အတွင်း မြန်မာနိုင်ငံ၏ အင်တာနက်မြန်နှုန်းသည် ၁၉ မီဂါဘိုက် Mbps နှင့် အဆင့် ၁၃၄ တွင် ရှိနေကြောင်း ယခုနှစ် ဇွန်လကထုတ်ပြန်သည့် ကမ္ဘာလုံးဆိုင်ရာ အင်တာနက် မြန်နှုန်းညွှန်းကိန်း (Speed test Global Index) မှ ထုတ်ပြန်ခဲ့ဖူးပါသည်။ [4]

3 အကျပ်အတည်း ဖြေရှင်းရန် အာဆီယံနိုင်ငံများ မြန်မာနှင့် အလွတ်သဘော သီးခြားစီ ဆက်ဆံသင့်ဟု မလေးရှားခေါင်းဆောင် ပြော https://tinyurl.com/264yfkza

4 မြန်မာဟာ ကမ္ဘာပေါ်မှာ အင်တာနက်ဖြတ်တောက်မှု အများဆုံးနိုင်ငံ https://tinyurl.com/28g393md

**မှတ်ချက်။ ။**

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**